ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ

လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော်၊ နိုဝင်ဘာလ ၁၁ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့အစည်းအဝေးသို့ လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C) ဆောင်၊ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ က ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ မဏ္ဍိုင်ကြီး (၃) ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာသည့်အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်များ၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့် ကော်မတီများ၏ဖွဲ့စည်းပုံနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း မိမိတို့ရွေးချယ်ပေး လိုက်သည့် ကိုယ်စားလှယ်များ၏စွမ်းဆောင်မှုများကို အလေးထားစောင့်ကြည့်ပြီး မိမိတို့၏ဒေသအကျိုး၊ နိုင်ငံ့အကျိုးများဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းသွားရန်နှင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိစေရန် Social Media များမှတစ်ဆင့် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်

နေသည့်အခြေအနေများ၊ လွတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၂၇-၂၀၃၁) ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြည်သူများ၏ လိုလားချက်များကို လွတ်တော်မှ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းခဲ့ပြီး ယခုလို လွတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် ပြည်သူများအနေဖြင့်လည်း ယနေ့ကိုယ်တိုင်တွေ့ကြုံလေ့လာခဲ့ရသည့် လွတ်တော်ဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းမျှဝေနိုင်ရန် ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွတ်တော်ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်ဖြစ်ကြသည့် ဦးဉာဏ်ဝင်းထိုက်၊ ဦးစိုင်းလင်းလင်းထွဏ်း၊ ဦးဝင်းကျော်၊ ဦးကျော်စန်းဦး၊ ဒေါ်အေးမြမြကြိုင်နှင့် ပြည်သူ့လွတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်